"အသံ"

# တရုတ်နိုင်ငံ၏လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုအပေါ် အထင်မလွဲစေနှင့်

ချုံ၍ ကြည့်လျှင် တရုတ်နိုင်ငံသည် လူ့အခွင့်အရေးကဏ္ဍတွင် စစ်မှန်သော တိုးတက်မှုများရရှိခဲ့သည်။ သာမန်အားဖြင့်အရေးကြီးဆုံးသော လူ့အခွင့်အရေးမှာ ပြည်သူများအတွက် စားဝတ်နေရေးဆိုင်ရာပစ္စည်းလုံလောက်စွာရရှိစေရန် အာမခံပေးခြင်းဖြစ်သည်။ ဥပမာစားသောက်ကုန်၊ နေအိမ်စသည်တို့ဖြစ်သည်။ ပြီးလျှင် ကောင်းမွန်သော နေထိုင်မှုဘဝ ဖန်တီးပေးခြင်းဖြစ်သည်။ ဥပမာအလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ ကစားပျော်ရွှင်မှုစသည်တို့ဖြစ်သည်။ ဤအပိုင်းတွင်တရုတ်နိုင်ငံသည် သန်းပေါင်းထောင်နှင့်ချီသော လူဦးရေများ၏ စားဝတ်နေရေးအခြေအနေကို သိသာထင်ရှားစွာ ပြုပြင်ပြောင်းလဲပေးခဲ့သည်မှာ ငြင်းပယ်၍မရသောအဖြစ်မှန်ဖြစ်သည်။ တရုတ်နိုင်ငံရှိ ဤမျှများပြားသောလူဦးရေသည် ဆာလောင်မွတ်သိပ်မှုနှင့် ကူးစက်ရောဂါများနှင့် မရင်ဆိုင်တော့ဘဲ ပြည်သူများ၏ နေထိုင်မှုအခြေအနေ၊ ပညာရေးအဆင့်အတန်းကိုလည်း သိသာထင်ရှားစွာမြှင့်တင်ပေးနိုင်ခဲ့သည်။ အစိုးရမှသဘာဝဘေးအန္တရာယ်များအပေါ် တုံ့ပြန်ရင်ဆိုင်နိုင်စွမ်းလည်း ပိုမိုပြတ်သားထိရောက်လာနိုင်သည်။

လွန်ခဲ့သည့်နှစ်များအတွင်းတရုတ်နိုင်ငံသည် လူ့အခွင့်အရေးကဏ္ဍတွင် သမိုင်းဝင်လောက်သော အောင်မြင်မှုရလဒ်ကြီးနှစ်ရပ်ရရှိခဲ့သည်။ ပထမရလဒ်မှာ ၂၀၁၄ ခုနှစ်အောက်တိုဘာလတုန်းက တရုတ်ကွန်မြူနစ်ပါတီသည် (၁၈)ကြိမ်မြောက်ဗဟိုကော်မတီ စတုတ္ထအကြိမ်မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။ ယင်းအစည်းအဝေးတွင် တရားဥပဒေအရ နိုင်ငံ့စီမံအုပ်ချုပ်ရေးကို ဘက်စုံဖော်ဆောင်ရန်၊ တရားရေးစနစ်အပေါ် နက်ရှိုင်းစွာပြုပြင်ပြောင်းလဲရန်ဆုံးဖြတ်နိုင်ခဲ့သည်။ ဒုတိယရလဒ်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ တရုတ်နိုင်ငံတွင် သေဒဏ်ချမှတ်သော အကျဉ်းသားများ၏ ကိုယ်အင်္ဂါအသုံးပြုခွင့်ကို ဘက်စုံရပ်စဲပြီး ပြည်သူလူထုများသည် မိမိဆန္ဒအလျောက် ကိုယ်အင်္ဂါလှူဒါန်းခြင်းသည် ကိုယ်အင်္ဂါပြောင်းရွှေ့ထောက်ပံ့မှု၏ တစ်ခုတည်းသောလမ်းကြောင်းဖြစ်လာတော့သည်။

တရုတ်နိုင်ငံသည် လူ့အခွင့်အရေးကဏ္ဍတွင် ဤမျှကြီးမားသော တိုးတက်မှုရရှိထားသော်လည်း အဘယ်ကြောင့် အနောက်နိုင်ငံများက ၎င်းအပေါ်လျစ်လျူရှုပြီးအပြစ်ရှာနေသေးသနည်း။ တရုတ်နိုင်ငံ၏ လူ့အခွင့်အရေး အဆက်မပြတ်တိုးတက်နေသော အခြေအနေအောက်တွင်အနောက်နိုင်ငံများ၏ ယုံမှားသံသယဖြစ်မှုနှင့် ပြစ်တင်ရှုတ်ချမှုများကို မည်သို့ပင်ရှင်းပြရမည်နည်း။

အနောက်နိုင်ငံတို့သည် တရုတ်နိုင်ငံမှ လူ့အခွင့်အရေးကာကွယ်မှုတွင် ရရှိထားသောတိုးတက်မှုများ၊ အထူးသဖြင့် တရားဥပဒေစိုးမိုးမှု တည်ဆောက်ရေးနှင့် တရားရေးပြုပြင်ပြောင်းလဲမှုဘက်တွင်ရရှိထားသော အောင်မြင်မှုများအပေါ်သိရှိမှာ မဟုတ်သေးပါဟုသိသာထင်ရှားစွာတွေ့မြင်နိုင်သည်။ တစ်ပါတီတည်းစနစ်မဟုတ်ဘဲ ပြိုင်ဆိုင်မှုရှိသော ပါတီစုံစနစ်သည်တရုတ်နိုင်ငံကို ပိုမိုတည်ငြိမ်စေနိုင်သည်ဟု အချို့သောအနောက်တိုင်းသားများက ပြောကြသည်။ စင်စစ်သော်အနောက်နိုင်ငံများ၏ ပါတီစုံစနစ်သည်တရုတ်နိုင်ငံအပေါ် ကြီးမားလှသည့် စွန့်စားမှုကိုသာ ဆောင်ကြဉ်းပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံ၌ လူဦးရေ ၁.၃ ဘီလီယံကျော်ရှိပြီး ဖွံ့ဖြိုးနေဆဲဖြစ်သည့်အပြင် လူမှုရေး၊ စီးပွားရေးအရလည်း ညီမျှစွာဖွံ့ဖြိုးတိုးတက်မှာ မဟုတ်သောကြောင့်ဖြစ်သည်။

အနောက်တိုင်းမီဒီယာများက အာဏာအမျိုးမျိုး၊ အထူးသဖြင့်အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ အာဏာအပေါ် ယုံမှားဖြစ်နေဆဲဖြစ်သည်။ အနောက်နိုင်ငံအစိုးရများဖြစ်စေ၊ တရုတ်နိုင်ငံအစိုးရဖြစ်စေ၊ ပြည်တွင်းစီးပွားရေး လုပ်ငန်းများဖြစ်စေ၊ ပြည်ပစီးပွားရေးလုပ်ငန်းများဖြစ်စေ၊ ဤအတိုင်းပင်ဖြစ်သည်။ အနောက်တိုင်းလူမှုရေး၏ အခြေခံသည် တစ်သီးပုဂ္ဂလကို ဦးထိပ်တင်ခြင်း၊ အစိုးရအဖွဲ့အစည်းများ အပြန်အလှန်ချုပ်ခြယ်မှု၏ အခြေခံပေါ်တွင် မူတည်ထားခြင်းဖြစ်သည်။ ယင်းသည်အဘယ်ကြောင့် အနောက်တိုင်းမီဒီယာများက တရုတ်နိုင်ငံလူမှုရေးအခြေခံ၏ အားသာချက်ကိုနားလည်မှာ မဟုတ်သောအကြောင်းရင်းပင်ဖြစ်သည်။

တရုတ်နိုင်ငံ၏ လူ့အခွင့်အရေး အောင်မြင်မှုရလဒ်ကို အနောက်နိုင်ငံများမှစတင်အသိအမှတ်ပြုနိုင်ရန် ကျွန်တော်မျှော်လင့်ထားသည်။ တရုတ်နိုင်ငံမှ မိမိ၏ခြေလှမ်းအတိုင်း လူ့အခွင့်အရေးဆိုင်ရာအရေးတော်ပုံတွင် တိုးတက်မှုအဆက်မပြတ်ရရှိလာသည်နှင့်အမျှ တရုတ်နိုင်ငံနှင့် အနောက်နိုင်ငံများသည် ဤအထဲမှ အကျိုးခံစားနိုင်မည်ဖြစ်သည်။

စာရေးသူ - Robert Lawrence Kuhn (စာရေးသူသည် အမေရိကန်နိုင်ငံအများပိုင်ဆိုင်ရာပညာရှင်၊ နိုင်ငံရေးနှင့်စီးပွားရေး ဝေဖန်သုံးသပ်သူ၊ နိုင်ငံဖြတ်ကျော်ကုမ္ပဏီ၏ မဟာဗျူဟာအကြံပေးဖြစ်သည်။)

## "နှစ်ပြည်တစ်ခြံ" ကို တည်ထောင်၊ တရုတ်-မြန်မာနှစ်နိုင်ငံ ဖိနပ်တစ်ရံကို ပူးတွဲထုတ်လုပ်






ကျိန့်ခန်းခရိုင်ရှိ တရုတ်-မြန်မာနယ်စပ်စက်မှုဇုန်ထဲသို့ ဝင်ရောက်သည်နှင့်ယခုလ(၁၈)ရက်တွင်စတင်လည် ပတ်သော ယူနန်ခွမ်ရယ်မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၏ စံမီစက်ရုံတွင် အလုပ်များနေသည်ကို တွေ့ရသည်။ ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဖြစ်သူဝူလီက "တည်နေရာအားသာချက်နဲ့ ဒေသခံအစိုးရရဲ့ ဦးစားပေးမူဝါဒအားသာချက်တို့ကြောင့် အနာဂတ်မှာကျွန်တော်တို့ရဲ့က အလားအလာကောင်းမွန်မှာ သေချာပါတယ်"ဟု ယုံကြည်စိတ်အပြည့်ဖြင့်ပြောသည်။ လက်ရှိတွင် လင်ချန်းနယ်စပ်ဂိတ်မှတစ်ဆင့်ကွေကျိုးပြည်နယ်မှနေ၍ လုပ်ငန်းစတင်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုသာ အာရုံစူးစိုက်သည့် လောင်စာဆီသုံးမော်တော်ဆိုင်ကယ်၊ စက်ကူတာ၊ သုံးဘီးဆိုင်ကယ်၊ လျှပ်စစ်စက်ဘီးများကို ထုတ်လုပ်သော အဆိုပါလုပ်ငန်းသည် အရှေ့တောင်အာရှ၊ အနောက်အာရှဈေးကွက်ကိုတက်ကြွစွာချဲ့ထွင်နေဆဲဖြစ်သည်။

နန့်ဆန်စက်မှုဇုန်အတွင်း၌ တည်ရှိနေသောတရုတ်-မြန်မာဖိနပ်နှင့် အထည်အလိပ်ယဉ်ကျေးမှုကုန်ထုတ်လုပ်ငန်းခြံတွင် တရုတ်အရှေ့ပိုင်းကမ်းရိုးတန်းဒေသတစ်လျှောက်မှဖိနပ်ထုတ်လုပ်ရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းများမှ တရုတ်အနောက်ပိုင်းသို့ ပြောင်းရွှေ့လာခြင်းကို တက်ကြွစွာ စူးစမ်းဆက်ဆံပြီး နယ်စပ်ဝိသေသ ထူးခြားချက်ပါသော ကုန်ထုတ်လုပ်ငန်းအုပ်စုကို အားသွန်ခွန်စိုက် တည်ဆောက်နေသည်ကို သတင်းထောက်ကတွေ့ရှိခဲ့ရသည်။ ယင်းဇုန်သည် နယ်စပ်ဂိတ်စီးပွားရေးဇုန်၏ အားသာချက်ကိုဖော်ထုတ်ပြီး "နှစ်ပြည်တစ်ခြံ"၏ OPA နယ်စပ်ဖြတ်ကျော် ကုန်ထုတ်စွမ်းအားပူးပေါင်းဆောင်ရွက်မှုပုံစံကို ကြိုးစားစွာတည်ထောင်လျက်ရှိနေသည်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများ၏ ကုန်ပစ္စည်းအများစုကို တရုတ်ပြည်တွင်းတွင် ထုတ်လုပ်၍အနည်းစုကို မြန်မာနိုင်ငံတွင်ထုတ်လုပ်ခြင်းဖြစ်သည်။ နောက်ဆုံးတွင်ထွက်ကုန်များအား မြန်မာနိုင်ငံမူရင်းထုတ်လုပ်မှုလက်မှတ်ရရှိစေနိုင်သည်။ နိုင်ငံတကာ ကုန်သွယ်မှုစည်းကမ်းများကိုအသုံးပြုပြီးဖွံ့ဖြိုးပြီးနိုင်ငံများမှ တရုတ်ထွက်ကုန်များအပေါ် ကန့်သတ်ထားမှု (လျာထားချက်၊ အကောက်ခွန်)ကိုလည်း ရှောင်ကြဉ်နိုင်သည်။ စီးပွားရေးလုပ်ငန်းများအတွက် အခွန်အကောက်၁၀ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့နည်းပေးနိုင်သည်။ တရုတ်စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတကာ အမြတ်ကျပြိုင်ဆိုင်အားကို မြှင့်တင်စေနိုင်သည်။ ထို့အတူ တည်နေရာအားသာချက်ဖြင့် မြန်မာ့လုပ်သားများကို ခေါ်ယူပြီး ဝန်ထမ်းခေါ်ယူရန် အခက်ကြုံသော၊ ဝန်ထမ်းလစာမြင့်မားသောပြဿနာကိုလည်း ကောင်းမွန်စွာဖြေရှင်းနိုင်သည်။

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်း၊ တောင်အာရှ၊ အရှေ့တောင်အာရှသို့မျက်နှာပြုသော ဖြာထွက်မှုစင်တာ တည်ဆောက်ရေးစသည့် နိုင်ငံတော်၏ မဟာဗျူဟာစီမံကိန်း ဖော်ဆောင်လာသည်နှင့်အမျှ၊ လင်ချန်းမြို့၏နယ်စပ်တံခါးဖွင့်ရေးလုပ်ငန်း ဆတက်ထမ်းပိုး တိုးမြှင့်လာသည်နှင့်အမျှ နေရာတကာတွင် အောင်မြင်မှုရရှိနိုင်မည့် ကောင်းမွန်သောအလား အလာပေါ်ထွက်လာနေသည်။